တံပ်ခွံရ်ပိုန်လောတ်ကမ္ပိုန်တအာင်း
**Palaung State Liberation Front**

# "နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သတင်းလာယူသော သတင်းမီဒီယာများအား ဖမ်းဆီးထိန်းသိမ်းထားမှုအပေါ် သတင်းထုတ်ပြန်ချက်"

ဇွန်လ (၂၇)ရက်၊ ၂၀၁၇ခုနှစ်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA မှ ကျင်းပသော 'နိုင်ငံတကာမူးယစ် ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးခြင်းအခမ်းအနား'သို့ သတင်းလာယူသော သတင်းမီဒီယာများအား မြန်မာတပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းသည့်အပေါ် PSLF/TNLA မှ ကန့်ကွက်ရှုံ့ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၂/၁၁၂ အရ(၂၆)ရက်၊ ဇွန်လသည် နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ တနည်းအားဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ပြီး နိုင်ငံတိုင်းမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ကြကာ ဇွန်လ (၂၆)ရက်နေ့တိုင်းတွင် အခမ်းအနားများကျင်းပ၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးမှုများ၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ကြသည်။

PSLF/TNLA အနေဖြင့် ယခင်နှစ်များတွင် တအန်းတော်လှန်ရေးနေ့တွင် ဖမ်းမိထားသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးလေ့ရှိသော်လည်း တအန်း ဒေသအတွင်း မြန်မာတပ်မတော်၏ ပြင်းထန်သော ထိုးစစ်ဆင်မှုတို့ကြောင့် ၂၀၁၇ ခုနှစ် နိုင်ငံတကာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့တွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ဖမ်းဆီးမိထားသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ရပါသည်။

PSLF/TNLA ၏ မူးယစ်ဆေးဝါးမီးရှို့တိုက်ဖျက်ရေးအခမ်းအနားသို့ လာရောက်သတင်းယူသော DVB မီဒီယာ ၊ Irrawaddy မီဒီယာမှ သတင်းထောက်များသည် သတင်းယူပြီးနောက် အပြန်ခရီးတွင် လိုက်ပို့သော တက္ကစီကားသမားများနှင့်အတူ မြန်မာတပ်မတော်၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး ယခုအချိန်အထိ ပြန်လွတ်မြောက်လာခြင်း မရှိသေးပါ။

ဤကဲ့သို့ သတင်းထောက်များကို ဖမ်းဆီးထိန်းသိမ်းခြင်းဖြင့် သတင်းမီဒီယာလွပ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်သည့် မြန်မာစစ်တပ်တို့၏ လုပ်ရပ်အား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA မှ ကန့် ကွက်ရှုံ့ချလိုက်ပါကြောင်းနှင့် ၎င်းတို့အမြန်ဆုံးချွင်းချက်မရှိ လွတ်မြောက်ရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာအေဂျင်စီများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ပြည်သူလူထုများမှ ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
PSLF/TNLA